တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဂဇက်)

## စစ်ဆင်ရေးကြီး (၄)ရပ်နှင့် အင်ဂျင်နီယာသင်ခန်းစာအကျဉ်း

စစ်ဆင်ရေးကြီး (၄)ရပ်နှင့်အင်ဂျင်နီယာလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ထိုးစစ်တွင် အဓိကအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ထိုးစစ်တွင်အဓိကအင်ဂျင်နီယာလုပ်ငန်းများမှာ-

(ကက) သဘာဝ(သို့မဟုတ်) လူလုပ်အတားအဆီးများကို ကျော်နင်းခြင်း။

(ခခ) လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း။

(ဂဂ) မိုင်းရှင်းလင်းခြင်း။

(၂) အခြားသောလုပ်ငန်းများမှာ-

(ကက) **ရွေ့လျားနိုင်သောဒိုင်းတံတားဆောက်လုပ်ခြင်း။** ထိုလုပ်ငန်းများကို ကာကွယ်
ဦးစီးမှူးရုံး၊ အင်ဂျင်နီယာတပ်များက ဆောင်ရွက်သည်။ ထိုတပ်မှ ကင်းထော
အဖွဲ့များသည် ရှေ့ဆောင်တပ်များနှင့်အတူလိုက်ရမည်။ တပ်မ အင်ဂျင်နီယာ အကူအ
ပေးရန်လိုသည်။

(ခခ) သေနတ်တပ်ရပ်ကိုကာကွယ်ရန် တောက်ပွဲဖုတ်ဆီးပေးခြင်း။

(ဂဂ) **ရေပေးခြင်း။** ထိုတက်နေသောတပ်များအတွက်ရေပေးရေးအတွက်အင်ဂျင်နီယာတပ်
ပေးများ၊ တွဲတက်ပေးခြင်း။

(ခ) **တိုက်စစ်တွင် အဓိကအင်ဂျင်နီယာလုပ်ငန်းများ**

(၁) လမ်းကြောင်းပြုပြင်ထိန်းသိမ်းခြင်း။

(၂) အတားအဆီးဆောက်လုပ်ခြင်း။

(၃) အခိုင်အမာနေရာနှင့် အထိုင်များဆောက်လုပ်ခြင်း။

(၄) ခံစစ်ပွဲဆောက်လုပ်ခြင်း။

(၅) ဖုံးကွယ်မှုနှင့် လှည့်စားမှု။

(ဂ) **ခံစစ်တွင် အဓိကအင်ဂျင်နီယာလုပ်ငန်းများ**

(၁) **ခံစစ်စီမံချက်ပြုလုပ်ခြင်း**

အတားအဆီးစီမံချက်ပါဝင်သည့် ... 

(ကက) ဗိုလ်ကွင်းစီမံချက်နှင့် ဖောက်ခွဲဖျက်ဆီးရေးစီမံချက်များပါဝင်သည့် အတားအဆီးစီမံချက်။

(ခခ) စစ်မြေပြင်အင်ဂျင်နီယာ ခံစစ်လုပ်ငန်းစီမံချက်။

(ဂဂ) အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖုံးကွယ်မှုလုပ်ငန်းများစီမံချက်။

(ဃဃ) ခံစစ်တည်ဆောက်ရန်အတွက် လိုအပ်သည့်ပစ္စည်းများစာရင်း။

(ငင) လိုအပ်သည့်ပစ္စည်းများကို သယ်ယူပို့ဆောင်မည့်စီမံချက်။

(စစ) လိုအပ်သည့်လုပ်သားစာရင်း။

(၂) **ခံစစ်တွင် အင်ဂျင်နီယာလုပ်ငန်းများခွဲဝေပေးခြင်း**

(ကက) ဖောက်ခွဲဖျက်ဆီးမှုနှင့် လုပ်ငန်းများပြုလုပ်ခြင်း။

(ခခ) တင့်ကားဖျက်နှင့် လူသတ်ဗိုလ်ကွင်းများချထားခြင်းနှင့် မှတ်သားထားခြင်း။

(ဂဂ) ထောင်ချောက်မိုင်းများချထားခြင်းနှင့် မှတ်သားထားခြင်း။

(ဃဃ) တင့်ကားအတားအဆီးများဆောက်လုပ်ထားခြင်းနှင့် ရှိရင်းအတားအဆီးများ တိုးတက်ခိုင်ခံ့အောင် ပြုလုပ်ခြင်း။

(ငင) စစ်ဗျူဟာခံစစ်နယ်မြေအတွင်းလမ်းကြောင်းများ ထိန်းသိမ်းပြုပြင်ခြင်း (တန်ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့များအတွက် လိုအပ်သောလမ်းကြောင်းများပါဝင်သည်။)

(စစ) အဆောက်အဦများကို ခံတပ်သဖွယ်ပြုပြင်ခြင်း။

(ဆဆ) ကွပ်ကဲမှုဌာနများ၊ အကဲခတ်ကြည့်စခန်းများ၊ ရှေ့ပြေးဆေးထည့်စခန်းတို့အတွက် ခိုလှုံရန်အကာအကွယ် စသည်တို့ဆောက်လုပ်ခြင်း။

(ဇဇ) ဖုံးကွယ်မှုနှင့် လှည့်စားမှုလုပ်ငန်းများ။

(ဈဈ) ရေပေးဝေခြင်း။

(ညည) ခံစစ်ပစ္စည်းများခွဲဝေပေးခြင်း။

(ဃ) **နှောင့်ရှက်တိုက်ပွဲ/ခုစစ်တွင်အဓိကအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ဆုတ်ခွာနေသောလမ်းကြောင်းများကို ပွင့်နေစေခြင်း။

(၂) အသုံးပြုဖွယ်ကောင်းသောလမ်းများကို ရန်သူအသုံးမပြုနိုင်စေရန်ဖျက်ဆီးခဲ့ခြင်း။

(၃) ရန်သူအား အတားအဆီးများဖြစ်ပေါ်စေခဲ့ခြင်း။

(၄) ရန်သူ၏စိတ်ဓာတ်ကို ကျဆင်းစေခြင်း။

(၅) မြေလှန်ပစ်ခဲ့ခြင်း။

Captain Seagull

(ဇ) **အင်ဂျင်နီယာတပ်များအသုံးပြုပုံ**

(ကက) ရန်သူနှင့်ထိတွေ့သောခံစစ်နေရာဟောင်း၌ တာဝန်ယူနေခြင်း။

(ခခ) ခံစစ်နေရာသစ်ကို ပြင်ဆင်နေခြင်း။

(ဂဂ) ကြားခံစစ်နေရာတစ်ခုကို ပြင်ဆင်နေခြင်း။

(ဃဃ) ရှေ့ကာတပ်တွင် တာဝန်ယူနေခြင်း။

(ငင) တန်ပြန်တိုက်ခိုက်မှုအတွက် ပြင်ဆင်နေခြင်း။

Captain Seagull

# တပ်မတော်(ကြည်း)ကင်းထောက်ရေးကျောင်း (ဗထူး)

## စစ်မြေပြင်ခံစစ် သင်ခန်းစာအကျဉ်း

၁။ **စစ်မြေပြင်ခံစစ် အမျိုးအစားများ**

(က) အမြန်ခံစစ်။

(ခ) စနစ်တကျခံစစ်။

၂။ **အကောင်းဆုံးခံစစ်ဖြစ်ရန် ခံစစ်လုပ်ငန်း လိုအပ်ချက်များ**

(က) ပစ်ကွင်းမြင်ကွင်းကောင်းရမည်။

(ခ) ရန်သူပစ်ခတ်မှုဒဏ်ကိုကာကွယ်နိုင်ရမည်။

(ဂ) ပတ်လည်ခံစစ်ဖြစ်ရမည်။

(ဃ) မြေပြင်နှင့်လေကြောင်း အကဲကြည့်ခြင်းမှ ဖုံးကွယ်မှုရှိရမည်။

(င) အတားအဆီးနှင့် ထုရှိရမည်။

(စ) ဆက်သွယ်ရေးနှင့်ဆုတ်လမ်းကောင်းရမည်။

(ဆ) မိမိစစ်သည်များ သက်သာချောင်ချိစွာ နေထိုင်နိုင်ရမည်။

(ဇ) မိမိလက်နက်ကို ရာနှုန်းပြည့်ထိရောက်စွာပစ်ခတ်နိုင်ရမည်။

(ဈ) မြင်လွယ် ခန့်မှန်းလွယ်သော နေရာမဖြစ်စေရ ။

။ **ပစ်ကျင်းများတွင်ရှိသင့်သောအင်္ဂါရပ်များ**

(က) ကျဉ်းရမည်။ (၂-ပေမှ ၂-ပေ၊၃-လက်မ)

(ခ) ထောင့်မှန်ကျအောင် မြေကို ဖြတ်ရမည်။

(ဂ) တစ်ကျင်းနှင့်တစ်ကျင်း အကွာအဝေး(၆)ပေထက်မနီးစေရ။

(ဃ) အတွင်းမှရေထွက်နိုင်ရန် ရေမြောင်းများတူးရမည်။ မတူးနိုင်က ရေဝတ်ကျင်းများတူးရမည်။

(င) (၄၈)နာရီထက်ကျော်၍နေပါက မြေထိန်းကာရံပေးရမည်။မြေထိန်းတိုင်၏ မြေဝင် သည် အနည်းဆုံး (၁-ပေ၊၆-လက်မ) ရှိရမည်။

(စ) ခေါင်းကတုတ်၏ထုသည် အနည်းဆုံး (၁-ပေ၊၆-လက်မ) ရှိရမည်။

(ဆ) ခေါင်းကတုတ်များကို သတ်မှတ်ထားသော ပုံစံအတိုင်း ပြုလုပ်ပေးရမည်။

(ဇ) ပစ်ကျင်း၏အနက်ကို (၃-ပေ၊၉-လက်မ) မှ (၄-ပေ၊၆-လက်မ)အတွင်းထားရှိသင့်သည်။

(ဈ) ဆက်သွယ်ရေးမြောင်းများ၏ ထောင့်များ ၉၀ ဒီဂရီထက် မနည်းစေရ။

Captain Seagull

(ည) လှုသက်သာကြီးရန်သူ၏ လက်နက်အဏ်မှ အကာအကွယ်ရရှိ၍ မိမိလက်နက်ကို ရာနှုန်းပြည့် ထိရောက်စွာပစ်ခတ်နိုင်ရမည်။

**လက်နက်ပစ်ကျင်းများ**

(က) လက်ယက်ကျင်း။

(ခ) တစ်ယောက်ထိုင်ပစ်ကျင်းအဝိုင်း။

(ဂ) တစ်ယောက်ထိုင်ပစ်ကျင်းလေးထောင့်။

(ဃ) ဆက်သွယ်ရေးမြောင်းများ။

**လက်နက်ငယ်ကျင်းများ**

(က) (L)ပုံသဏ္ဌာန် တစ်ယောက်ပစ်ကျင်း။

(ခ) နှစ်ယောက်ပစ်ကျင်းလေးထောင့်။

(ဂ) (Y)ပုံသဏ္ဌာန် နှစ်ယောက်ပစ်ကျင်း။

(ဃ) သုံးယောက်ပစ်ကျင်း။

**အထူးကျင်းများ**

(က) စက်လတ်ပစ်ကျင်း။

(ခ) ၅၅ မမ နောက်ပွင့်ရိုင်ဖယ်ပစ်ကျင်း။

(ဂ) ၃ လက်မ၊ ၈၁ မမ စိန်ပြောင်းကျင်း။

(ဃ) ၃.၅လက်မ ရော့ကက်လောင်ချာပစ်ကျင်း။

**အနားယူကျင်းများ**

(က) ၅ ယောက်အိပ်ကျင်း။

(ခ) မီးဖိုကျင်း။

(ဂ) အိမ်သာကျင်း။

**အင်ဂျင်နီယာတပ်ဖွဲ့၏တာဝန်ဝတ္တရားများ**

(က) တပ်ဖွဲ့အသီးသီးတို့ပြုလုပ်သော ခံစစ်လုပ်ငန်းများအတွက် ပညာတက်ဆိုင်ရာအကြံဉာဏ်များ ပေးခြင်း။

(ခ) ခံစစ်ပစ္စည်းများထုတ်ပေးခြင်း။

(ဂ) အင်ဂျင်နီယာယန္တရားနှင့် စက်ကိရိယာတို့၏အကူအညီ ပေးခြင်း။

(ဃ) အင်ဂျင်နီယာ၏ပညာတက်ဆိုင်ရာကျွမ်းကျင်မှုအထူးလိုအပ်သောခံစစ်လုပ်ငန်းများတွင် လုပ်ဆောင်ပေးခြင်း။

Captain Seagull

# တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း

## စစ်မြေပြင်အတားအဆီး သင်ခန်းစာအကျဉ်း

**အတားအဆီးများပြုလုပ်ရခြင်း၏အကျိုးကျေးဇူးများ**

၁။ အကျိုးကျေးဇူးများမှာ-

(က) ရန်သူအား အပြီးအပိုင်ချေမှုန်းရာတွင် ပစ်ခတ်မှုအောက်တွင် ၎င်းအားဗရမ်းဗတာဖြစ်စေ၍ နှောင့်နှေးစေရန်။

(ခ) ၎င်း၏တပ်ဖြန့်ခြင်းကိုကန့်သတ်စေရန်။

(ဂ) ပစ်ကွင်းမြေထဲသို့ ၎င်းအားကျူးသွင်းစေရန်။

(ဃ) အတားအဆီးရှင်းလင်းရန်အတွက်၎င်းအား အချိန်၊ တပ်အင်အား၊ ပစ္စည်းနှင့်ခဲယမ်းများအလဟဿ ကုန်စေရန်။

(င) ထိုကဲ့သို့ ပြုလုပ်ရ၍ ထိခိုက်အကျအဆုံးရရှိစေရန်။

(စ) ရန်သူအားစိတ်ဓာတ်ပျက်ပြားစေရန်။

**အတားအဆီးကောင်းများတွင်ရှိရမည့် အင်္ဂါရပ်များ**

၂။ အတားအဆီးများတွင် အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံရမည်-

(က) ကွင်းရှောင်၍မသွားနိုင်သောနေရာမျိုး၊ မလွှဲမသွေရန်သူဝင်ရောက်လာနိုင်သော နေရာမျိုးဖြစ်ရမည်။

(ခ) ရန်သူအားအငိုက်ဖမ်းနိုင်သောနေရာမျိုးဖြစ်ရမည်။

(ဂ) ပစ်ခတ်ခြင်းဖြင့် စိုးမိုးထားရမည်။

(ဃ) မိုင်းနှင့်ထောင်ချောက်များ ထည့်သွင်းအသုံးပြုရမည်။

(င) ဖုံးကွယ်မှုကောင်းပြီး တုရှိရမည်။

(စ) သဘာဝအတားအဆီးများကို လူလုပ်အတားအဆီးများဖြင့်တွဲဘက်၍ အသုံးပြုရမည်။

**ဗျူဟာသဘောအရ အတားအဆီးအမျိုးအစားများ**

အတားအဆီးများကို ၎င်းတို့အား အသုံးပြုသောစစ်ဗျူဟာသဘောအရ(၃)မျိုးခွဲခြားထားသည်-

(က) **အကာအကွယ်အတားအဆီး။** မိမိ၏ခံစစ်နေရာထဲသို့ရန်သူအတင်းဝင်ရောက် ထိုးဖောက်ခြင်းမှ ကာကွယ်ရန်။

(ခ) **ခံစစ်အတားအဆီး။** ရန်သူအား မိမိ၏ခံစစ်စည်းများတွင် နှောင့်နှေးရပ်တန့်သွားစေ၍ ခံစစ်ပစ်ခတ်ခြင်းဖြင့် ဖျက်ဆီးချေမှုန်းပစ်ရန်။

Captain Seagull

(ဂ) **စစ်ရှုပ်ဘာအတားအဆီး။** ရန်သူအား အပြီးသတ်ချေမှုန်းနိုင်သော မိမိသတ်ကွင်းနေရာထဲသို့ ဝင်ရောက်လာစေခြင်းငှာ ကျူးသွင်းရန်။

**အတားအဆီးအမျိုးအစား**

၄။ အဓိကအားဖြင့် အတားအဆီး(၂)မျိုးရှိပါသည်

(က) တင့်ထောင်အတားအဆီး။

(ခ) လူထောင် (ခြေလျင်တပ်ထောင်) အတားအဆီး)။

၅။ **တင့်ထောင်အတားအဆီးများ။** ရန်သူ၏ တိုက်စစ်စီမံချက်ကို ပျက်စီးသွားစေပြီး မိမိမှ ထိရောက်လွယ်ကူစွာဖျက်ဆီးပစ်နိုင်သောချဉ်းကပ်ရာလမ်းကြောင်းများထဲသို့ ရန်သူချေမှုန်းရေးတပ်များဝင်ရောက်လာစေခြင်းငှာ ကျူးသွင်းရန်ဖြစ်သည်။ တင့်ထောင်အတားအဆီး (၃)မျိုးရှိသည်။

(က) သဘာဝအတားအဆီးများ။

(ခ) လူလုပ်အတားအဆီးများ။

(ဂ) တင့်ဖျက်မိုင်းကွင်းများ။

၆။ **တန်(၅၀)တင့်ကားများအတွက် သဘာဝအတားအဆီးများ**

(က) **ဆင်ခြေလျှောများ။** ပုံမှန်မြေသားပြင်၌လျှောစောက်(၆၀)ဒီဂရီ၊ မြေအခြေအနေဆိုးလျှင် (၄၅)ဒီဂရီပင်လုံလောက်သည်။ တင့်ကား အရှိန်ယူ တက်နိုင်လောက်သောနေရာရှိပါက ဆင်ခြေလျှောသည် အနည်းဆုံးပေ(၄၀) ရှိရမည်။

(ခ) **ရေစုတ်မြောင်း/ကျင်းနှင့် ချောင်းငယ်များ။** ရန်သူ့တင့်ကား ထိုးတက်လာမည့် မိမိတက်ကမ်းပါး အမြင့်(၅)ပေ တည့်မတ်စွာစောက်ရှိပြီး အကျယ်(၁၄)ပေ အနည်းဆုံးရှိရမည်။

(ဂ) **ရေ။** အဆင်းလမ်းကောင်းမွန်၍ ရေအောက်မြေမာပါက အနည်းဆုံး(၅၀)ပေကျယ်၍ အနက် (၆)ပေ ရှိရမည်။ (၃၅)တန်တင့်ကားဆိုလျှင် ရေအနက်(၅)ပေ ရှိလျှင်လုံလောက်သည်။

(ဃ) **ကမ်းပါး။** အနည်းဆုံး(၅)ပေမြင့်၍ တည့်တည့်မတ်စောက်ရမည်။

(င) **နံ့ ညံ /နံ့ ဗွက်။** အတိအကျမရှိ။ လူတစ်ယောက်သွား၍ ၂ ပေ ၆ လက်မ နစ်လျှင် လုံလောက်သည်။

(စ) **သစ်ပင်များ။** (၂၄)လက်မအချင်းရှိပါက တစ်ပင်တည်းဖြင့်လုံလောက်သည်။ တောတန်းဖြစ်လျှင် အချင်း(၁၂)လက်မရှိ သစ်ပင်များ တစ်ပင်နှင့်တစ်ပင် (၅)ပေ မှ (၇)ပေကွာ၍ အတန်း(၅)တန်းမျှ အနည်းဆုံးရှိရမည်။

Captain Seagull

(ဆ) **သစ်ဝုတ်များ။** အနည်းဆုံး(၁၈)လက်မအချင်းရှိ၍ အမြင့်၂ပေမှ (၂ပေ၆လက်မ)ရှိပြီး တစ်ခုနှင့်တစ်ခု (၅)ပေမှ (၇)ပေကွာဝေးသော အတန်း(၅)တန်းရှိသော သစ်ဝုတ်ထုသည်တင့်ကားကိုဝင်စိုက်ထောက်ပြီး မြေနှင်းသံကြိုးနှင့် မြေကြီးလွတ်နေသောကြောင့် တင့်ကားရပ်တန့်သွားလိမ့်မည်။

၇။ **တင့်ကားများအတွက်လူလုပ်အတားအဆီးများ။** ဖန်တီးပြုလုပ်ရသောအတားအဆီးမှာ အချိန်ပစ္စည်း၊ လူအင်အားများစွာကုန်ကျသောကိစ္စဖြစ်၍ တတ်နိုင်သမျှ သဘာဝအတားအဆီးများ၊ အကောင်းဆုံးဖြစ်အောင်ပိုမိုတောင့်တင်းခိုင်မာပြီး အများဆုံးရရှိအောင် ဆောင်ရွက်သင့်သည်-

(က) **သဘာဝအတားအဆီးများကိုပြုပြင်ယူခြင်း။** ဆင်ခြေလျောများကို တောင့်တင်းခိုင်မာအောင်ပြုလုပ်ခြင်း၊ ရေမြောင်း၊ ကျင်းနှင့် ချောင်းငယ်များကိုလိုအပ်သည့်အရွယ်အစားရအောင် ပြုလုပ်ခြင်း၊ ရေအနက်(၅)ပေ ရအောင်အောက်ခြေကိုတူး၍ ရေအောက်မှ ကမ်းပါးစောက်ဖြစ်အောင်မြေကာပြုလုပ်ပေးခြင်း၊ ရေပိုနက်အောင် ချောင်းအောက်ဘက်မှ တာတမံဆည်ပေးခြင်းတို့ ပြင်ပြင်ယူနိုင်သည်။

( ခ ) **လူလုပ်အတားအဆီးများ**

(၁) တစ်လမ်းသွားတင့်ထောင်ကျင်း။

(၂) နှစ်လမ်းသွားတင့်ထောင်ကျင်း (ဗွီပုံသဏ္ဌာန်)။

(၃) သုံးလမ်းသွားတင့်ထောင်ကျင်း (ထောင့်မှန်စတုဂံပုံသဏ္ဌာန်)

(၄) တင့်ထောင်သံပိုက်ငြမ်း။

(၅) တင့်ထောင် ( ၅'×၅'×၅' ) သံကူကွန်ကရစ်တုံးများ။

(၆) မှောက်ထားသည့် ဇလားပုံသဏ္ဌာန် ကွန်ကရစ်တုံးများ။

(၇) ခေါင်းပုံသဏ္ဌာန်တင့်ထောင်သံကူကွန်ကရစ်တုံးများ။

(၈) ၂ ပေ အချင်းကွန်ကရစ်တိုင် လမ်းအဆို့ရှင်များ။

(၉) သံလမ်းဝုတ်တိုင် လမ်းအဆို့ရှင်များ။

(၁၀) မီးရထားသံလမ်းကော် လမ်းအဆို့ရှင်များ။

Captain Seagull

၈။ **တင့်ချက်မိုင်းကွင်းများ။** လူလုပ်အတားအဆီးများတွင် တင့်ချက်မိုင်းကွင်းများသည် အကုန်အကျသက်သာ၍ အမြန်ဆုံး၊ အထိရောက်ဆုံးနှင့် ဖုံးကွယ်မှုအကောင်းဆုံးဖြစ်သည်။

၉။ **လူထောင်(ခြေလျင်တစ်ထောင်)အတားအဆီးများ။** အောက်ပါအင်္ဂါရပ်များပြည့်စုံရမည်-

(က) သဘာဝရှိရင်းစွဲအတားအဆီးများ အကျိုးရှိဆုံးထည့်သွင်းအသုံးပြုရမည်။

( ခ ) ဖုံးကွယ်မှုသေချာကောင်းမွန်ရမည်။

( ဂ ) အတားအဆီးများသည် မိမိခံစစ်ပစ်ခတ်မှုအောက်တွင်ရှိရမည်။

(ဃ) ညအချိန်ရန်သူမှတိတ်တဆိတ်လာရောက်မဖျက်ဆီးနိုင်စေရန်မိမိပစ်ကျင်းမှကိုက်(၅၀)ခန့်အကွ
အဝေး၌ ရှိရမည်။

(င) အတားအဆီးအနေအထားသည် မိမိခံစစ်အနေအထားကို မပေါ်လွင်စေရ။

၁၀။ **မြေလျှင်တပ်ထောင်အတားအဆီးများမှာ အောက်ပါအတိုင်းဖြစ်သည်-**

(က) သံကွန်ယက်။

(ခ) နှစ်ဘက်ချသံဆူးကြိုး။

(ဂ) သံဆူးဝိုင်း။

(ဃ) လမ်းဆို့များ။

(င) အခြားအတားအဆီးများ။

(စ) လူသတ်မိုင်းကွင်းနှင့် မိုင်းထောင်ချောက်များ။

၁၁။ သံဆူးကြိုးအတားအဆီး ကိုက်(၁၀၀)အတွက်အကြပ်(၁)ဦး၊စစ်သည်(၁၀)ဦးဖြင့်ဆောင်ရွက်လျှင်ကြာချိန်
ပစ္စည်းစာရင်း -

| လုပ်ငန်း | အချိန်(မိနစ်) | | ပစ္စည်း | |
|---|---|---|---|---|
| | နေ့ | ည | အမည် | ဦးရေ |
| သံကွန်ယက် | ၄၅ | ၇၅ | သံဆူးခွေ<br>သံငုတ်တို | ၁၃<br>၁၇၁ |
| နှစ်ဘက်ချ သံဆူးကြိုး | ၉၀ | ၁၃၅ | သံဆူးခွေ<br>ငုတ်ရှည်<br>ငုတ်တို | ၁၃<br>၄၀<br>၈၂ |
| သံဆူးကြိုးဝိုင်း(၁) | ၆၀ | ၉၀ | သံဆူးဝိုင်း<br>သံဆူးခွေ<br>ငုတ်ရှည် | ၁၂<br>၆<br>၆၄ |
| သံဆူးကြိုးဝိုင်း(၂) | ၉၀ | ၁၃၅ | သံဆူးဝိုင်း<br>သံဆူးခွေ<br>ငုတ်ရှည် | ၂၄<br>၉<br>၉၆ |

Captain Seagull

မြစ်ချောင်းဖြတ်ကျော်ခြင်း

၁၂။ **ရေပြင်ဖြတ်ကျော်ခြင်း။** လူ၊ တိရစ္ဆာန်၊ ယာဉ်အမျိုးအစားအလိုက် ဖြတ်ကူးနိုင်သော ရေအနက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | မော်တော်ဆိုင်ကယ် | အနက် ၁ ပေ။ |
| (ခ) | ယာဉ်ငယ် | အနက် ၁ ပေ ၆ လက်မ။ |
| (ဂ) | ကုန်တင်ယာဉ် | အနက် ၂ ပေ။ |
| (ဃ) | တင့်ကား | အနက် ၃ ပေ။ |
| (င) | ခြေလျင်စစ်သည် | အနက် ၃ ပေ။ |
| (စ) | မြင်း/လား | အနက် ၄ ပေ။ |

၁၃။ စစ်မြေပြင်တွင် ရေစီးနှုန်းကို အောက်ဖော်ပြပါနည်းဖြင့် တိုင်းတာနိုင်သည်-




Captain Seagull

'က'မှ 'ခ' ၏ အကွာအဝေးကို တိုင်းတာပါ။
ရေပေါ် ပေါ်သည့် အရာဝတ္ထုတစ်ခုကို ရေစုန်စသည့် 'စ'အမှတ်မှ မျှောချပါ။
'စ'မှ 'ဆ'အထိ ရေပေါ် ပေါ်သည့် အရာဝတ္ထု ရောက်ရှိရန် ကြာသည့်အချိန်အား မှတ်သားပါ။

$$\text{ရေစီးနှုန်း} = \frac{\text{က မှ ခ အထိ အကွာအဝေး}}{\text{စ မှ ဆ အထိ ရေပေါ် ပေါ်သည့် အရာဝတ္ထု မျောပါရသည့်အချိန်}}$$

၁၄။ **မြစ်၏အကျယ် တိုင်းတာခြင်း။** သံလိုက်အိမ်မြှောင်တစ်လုံးကိုအသုံးပြု၍ မြစ်တစ်ခုအကျယ်ကို စစ်မြေပြင်တွင် တိုင်းတာနိုင်ပါသည်။ တိုင်းတာနည်းမှာ ကမ်းစပ်တွင်ရပ်ပြီး တစ်ဖက်ကမ်းရှိ အမှတ်အသားတစ်ခုအား ထောင့်မှန်ကျအောင် သံလိုက်အိမ်မြှောင်ဖြင့် ချိန်ပါ။ ၎င်း၏ညွှန်းဒီဂရီကို မှတ်သားထားပါ။ ၎င်းနောက် တစ်ဖက်ကမ်းတွင်ရှိသည့် အမှတ်အသားအား မူလ ညွှန်းဒီဂရီနှင့် ၄၅ ဒီဂရီ ကွာခြားမှုရှိသည့်တိုင်အောင် ရေစီးကြောင်း၏ အထက်၊ သို့မဟုတ် အောက်သို့ ရွှေ့ဖတ်ပါ။ စတင်ဖတ်သည့်နေရာနှင့် နောက်ဆုံးဖတ်သည့်နေရာတို့အကွာအဝေးသည် မြစ်၏အကျယ်နှင့် တူညီပါသည်-




Captain Seagull

မူလနေရာမှ ဖတ်သည့်အခါ 'က' မှ 'ခ'သို့ ၁၀ ဒီဂရီ။
'င' သို့မဟုတ် 'ဆ'သို့ ရွှေ့သွားပြီး ၄၅ ဒီဂရီ ကွာခြားသွားသည့်တိုင်အောင် ရွှေ့ပါ။
'ကခ'သည် မြစ်၏အကျယ် ဖြစ်သည်။
ထို့ကြောင့် ကင = ကဆ= ကခ= မြစ်၏အကျယ် ဖြစ်သည်။

## ဖောက်ခွဲဖျက်ဆီးခြင်း (DEMOLITION)

**အဓိပ္ပါယ်။** ယမ်းအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းများကို အသုံးပြု ပေါက်ကွဲမှုတစ်ခုခုဖြစ်ပေါ်စေခြင်းဖြင့် ဝတ္ထုပစ္စည်းအမျိုးမျိုးနှင့် အဆောက်အအုံများကို မူလအခြေအနေမှ ပျက်ပြားစေခြင်းကို ဖောက်ခွဲဖျက်ဆီးခြင်းဟုဆိုသည်။

**အသုံးပြုရခြင်း အကြောင်းရင်းများ။**

ဖောက်ခွဲဖျက်ဆီးခြင်းကိုရန်သူကိုအတားအဆီးပြုလုပ်ရန်၊ ရန်သူ၏အတားအဆီးကိုဖယ်ရှားရန်နှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်ရှင်းလင်းရန်အသုံးပြုသည်။ စစ်ကဏ္ဍကြီးများအလိုက် အောက်ဖော်ပြပါအတိုင်း အသုံးပြုသည်-

(က) **ခံစစ်တွင်အသုံးပြုပုံ။** ရန်သူ၏ထိုးစစ် နှောင့်နှေးစေရန် လမ်း၊ တံတား၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ လေယာဉ်ကွင်းစသည်တို့ကိုဖောက်ခွဲဖျက်ဆီး၍အတားအဆီးများပြုလုပ်သည်။

(ခ) **တိုက်စစ်တွင်အသုံးပြုပုံ။** ရန်သူကိုအပြီးအပိုင်ချေမှုန်းနိုင်ရန်အတွက် ရန်သူ၏ အတားအဆီးအမျိုးမျိုး၊ အခိုင်အမာကတုတ်ကျင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ဖျက်ဆီးသည်။

(ဂ) **ဆုတ်စစ်တွင်အသုံးပြုပုံ။** ရန်သူ၏လိုက်စစ်နှောင့်နှေးစေရန်လမ်း၊ တံတားလေယာဉ်ကွင်းတို့ကိုလည်းကောင်း၊ ရန်သူအသုံးမပြုနိုင်စေရန် ဂိုဒေါင်၊ ခဲယမ်း၊ အခြားထောက်ပံ့ပစ္စည်းများနှင့်အဆောက်အအုံ စသည်တို့ကိုဖောက်ခွဲဖျက်ဆီးသည်။

(ဃ) **ချီစစ်တွင်အသုံးပြုပုံ။** မိမိလမ်းကြောင်းများချီတက်သွားလာနေစဉ် ခေတ္တရပ်နားရာတွင်လည်းကောင်း၊ ချီတက်ရာတွင်လည်းကောင်း၊ ရုတ်တရက်ရန်သူက ဝင်ရောက်အမြတ်ထုတ်တိုက်ခိုက်ခြင်းမှကာကွယ်နိုင်ရန် ချုံးကပ်လမ်းတစ်လျှောက်ရှိ လမ်း၊တံတားစသည်တို့ကိုဖောက်ခွဲဖျက်ဆီးသည်။

**ဖောက်ခွဲဖျက်ဆီးခြင်း အမျိုးအစားများ**

(က) ဖြတ်တောက်ဖောက်ခွဲခြင်း ။

(ခ) ပေါက်ဖောက် ဖောက်ခွဲခြင်း ။

(ဂ) မြေအောက်မြှုပ်နှံဖောက်ခွဲခြင်း ။

(ဃ) ဖိနှိပ်ဖောက်ခွဲခြင်း ။

(င) ချိုးဖဲ့ဖယ်ရှား ဖောက်ခွဲခြင်း ။

(စ) အခြေများကိုဖောက်ခွဲခြင်း ။

(ဆ) လေလုံပိတ်ဖောက်ခွဲခြင်း ။

(ဇ) ပုံသွင်းယမ်းများ တပ်ဆင်ဖောက်ခွဲခြင်း ။

(စျ) ကျကမ်းပုံသွင်းယမ်းများတပ်ဆင်ဖောက်ခွဲခြင်း ။

၂။ ဖြပ်သောက်ဖောက်ခွဲခြင်း

(က) ဖြတ်တောက်ဖောက်ခွဲရာတွင်လိုက်နာရမည့်အချက်များ -

(၁) ဖြတ်တောက်ရမည့်ဗျက်တစ်ခုလုံးအား ယမ်းကပ်ရာတွင် မြှုပ်မိစေရမည်။

(၂) ယမ်းပြားများအသုံးပြုခဲ့လျှင် ကြား ကွက်လပ်များအတွင်းယမ်းမှော့ (သို့)ဖြည့်သိပ်ပါ။

(၃) ယမ်းနှင့် ဖြတ်တောက်ရမည့် မျက်နှာပြင်သည် ကောင်းစွာ ထိစပ်နေရမည်။

(၄) ယမ်း၏ဒုကို (၆)လက်မထက်မကျော်စေဘဲ ယမ်း၏မျက်ကိုဒုံ၏ (၃)ဆအထိထားရမည်။

(၅) အိုင်ပုံတီပုံသံဘောင်များကိုဖြတ်တောက်ရာတွင် အပေါ်ဘောင်အလယ်ဘောင်အောက်ဘောင်တို့ကို သီးခြား တွက်ရမည်။ အပေါ်ဘောင်၊ အောက်ဘောင်တို့ကို တွက်ရာတွင် သံစို့ခေါင့်သံများ၏ဒုကိုပါ ထည့်သွင်း စဉ်းစားရမည်။

(ခ) ဖြတ်တောက်ဖောက်ခွဲခြင်းဆိုင်ရာ ပုံသေနည်းများ

(၁) သံမဏိလုံးများဖြတ်တောက်ဖောက်ခွဲရာတွင် အသုံးပြုရမည့်ပုံသေနည်း

အ= $\frac{၂}{၃}$ ခ$^{၂}$ (တီအင်တီယမ်း)ပေါင်

အ=၄ ခ$^{၂}$ (ယမ်းပျော့)အောင်စ

အ= ကုန်ကျမည့်ယမ်း

ခ= အချင်းလက်မ

(၂) သံမဏိစတုဂံများဖြတ်တောက်ဖေါက်ခွဲရာတွင်အသုံးပြုရမည့်ပုံသေနည်း

အ= $^{၀}/_{၀}$ ဗဒ$^{၂}$ (တီအင်တီယမ်း)ပေါင်

အ= $^{၉}/_{၂}$ ဗဒ$^{၂}$ (ယမ်းပျော့)အောင်စ

အ= ကုန်ကျမည့်ယမ်း

ဗ= ဗျက်လက်မ

ဒ= ဒုလက်မ

(၃) သစ်သားအလုံးအတွက်အသုံးပြုရမည့်ပုံသေနည်း

အ= ၃(ခပ)$^{၂}$ (တီအင်တီယမ်း)ပေါင်

အ= ၂ (ခပ)$^{၂}$ (ယမ်းပျော့)ပေါင်

(ဂ) သစ်သားစတုဂံအတွက်အသုံးပြုရမည့်ပုံသေနည်း

အ=ခ ဗအ² (တီအင်တီယမ်း)ပေါင်

အ= ဗအ²(ယမ်းပျော့)အောင်စ

ခပ=အချင်းပေ

ဗ=ဖျက်ပေ

ဒ= ဒုပေ

**မှတ်ချက်။** အစွမ်းကုန်ဖြတ်တောက်နိုင်သော သစ်သား၏အထူလက်မ(၃၀)ဖြစ်ပြီး ၎င်းထက်ကျော်လွန်သောအထူများ အတွက်အခြားနည်းကိုအသုံးပြုရမည်။

ပုစ္ဆာ(၁) သံမဏိကြိုးတံတားကို တစ်ဘက်လျှင်အချင်း ၁ $\frac{၁}{၂}$ လက်မရှိသည့် သံမဏိကြိုး (၄)ချောင်းဖြင့်ပြုလုပ်ထားပါသည်။ သံမဏိကြိုးတံတားအားလုံး တစ်ပြိုင်နက်ဖြတ်တောက်ရန်အတွက် လိုအပ်သော ယမ်းပျော့(ပေါင်) ကိုရှာပါ။

သံမဏိကြိုးအချင်း = ၁ $\frac{၁}{၂}$ လက်မ

= ³/₂ လက်မ

ဖြတ်တောက်ရမည့်ကြိုးအရေအတွက်

= ၂ ဘက် × ၄ ချောင်း

= ၈ ချောင်း

ကြိုးတစ်ချောင်းအတွက်ကုန်ကျမည့်ယမ်းပျော့

အ = ၄ခ²

= ၄×( ³/₂ × ³/₂ )

= ၉ အောင်စ

ကြိုး ၈ ချောင်းအတွက်ကုန်ကျမည့်ယမ်းပျော့

ပေါင်= ၉ × ⁸/₁₆ =၄.၅ ပေါင်

ပုစ္ဆာ(၂) ပုံတွင်ပြထားသည့် တံတားသံဘောင်ယက်မတစ်ခုအား အပေါ်နှင့် အောက်သံဘောင်များ၏ အပြင်ဘက်နှင့် အလယ်သံဘောင်တို့တွင်ယမ်းကပ်၍ ဖြတ်တောက်ဖောက်ခွဲပါက ကုန်ကျမည့် ယမ်းကို တီအင်တီ(ပေါင်) ဖြင့်ရှာပါ။




(က) အပေါ်သံဘောင်၏ဖျက်= ၁၆လက်မ

အပေါ်သံဘောင်၏ဒု =$\frac{၃}{၄}$ +$\frac{၁}{၂}$ +$\frac{၁}{၂}$

= ၁$\frac{၃}{၄}$ လက်မ

အပေါ်သံဘောင်အတွက်လိုအပ်မည့်ယမ်း

အခ = $^{၁}/_{၈}$ ဗဒ²

= $^{၁}/_{၈}$ ×၁၆ × $^{၇}/_{၄}$ × $^{၇}/_{၂}$

=၄.၅ ပေါင် ၅ပေါင်

(ခ) အောက်သံဘောင်၏ဖျက် = ၁၆ လက်မ

အောက်သံဘောင်၏ဒု = $\frac{၃}{၄}$+$\frac{၁}{၂}$+$\frac{၁}{၂}$

=၁$\frac{၃}{၄}$ လက်မ

အောက်သံဘောင်အတွက်လိုအပ်မည့်ယမ်း

အခ = $^{၁}/_{၈}$ ဗဒ²

= $^{၁}/_{၈}$ ×၁၆ × $^{၇}/_{၄}$ ×$^{၇}/_{၄}$

= ၆.၁ ပေါင် ၇ပေါင်

(ဂ) အလယ်သံဘောင်၏ဒုသည့်နှံလက်မဖြစ်၍ လက်မထက်မကျော်သောကြောင့်ပုံသေနည်းဖြင့် မရှာဘဲ သံဘောင်၏ဖျက်ကို ယမ်းပြားဖျက်ဖြင့်စား၍ကုန်ကျမည့်ယမ်းကိုရှာရမည်။

ယမ်းပြား၏ဖျက် ၆လက်မလျှင် ယမ်း ၁ပေါင်ရှိသဖြင့်

အလယ်သံဘောင်အတွက်ကုန်ကျမည့်ယမ်း = $^{၁၈}/_{၆}$ = ၃ ပေါင်

စုစုပေါင်းကုန်ကျမည့်ယမ်းပေါင်(တီအင်တီ) = ၅+ ၇+ ၃ =၁၅ ပေါင်

ကန့် သတ်

၆။ **စစ်ဗျူဟာအရဖောက်ခွဲခြင်းအမျိုးအစားများ**

(က) ကြိုတင်ဖောက်ခွဲခြင်း။

(ခ) စစ်ဗျူဟာဖောက်ခွဲခြင်း။

၇။ **စစ်ဗျူဟာဖောက်ခွဲခြင်းတစ်ခု အောင်မြင်ရန် ဖွဲ့စည်းပုံ**

(က) အာဏာရတပ်မှူး

(ခ) အင်ဂျင်နီယာတပ်မှူး

(ဂ) တံတားစောင့်တပ်ဖွဲ့

(ဃ) ဖောက်ခွဲတပ်ဖွဲ့

၈။ **အာဏာရတပ်မှူး၏တာဝန်ဝတ္တရားများ**

(က) စစ်ဗျူဟာဖောက်ခွဲခြင်း အမျိုးအစားဖြစ်သည်ဟု သတ်မှတ်ပေးရမည်။

(ခ) တံတားစောင့်တာဝန်မည်သည့်တပ်မှပေးရမည်ကိုတာဝန် အတိအကျသတ်မှတ်ပေးရမည်၊ မည်သည့်အသင့်အဆင့်ပြင်ဆင်ရမည်ဟု သတ်မှတ်ပေးရမည်။

(ဂ) မမျှော်လင့်ဘဲ ရန်သူလက်ကျရောက်ဖွယ်အကြောင်း အရေးတကြီးပေါ်ပေါက်ပါက နေရာတွင်ရှိ တပ်မှူးမှ ချိန်ဆ၍ဖောက်ခွဲအမိန့်ကိုပေးနိုင် မပေးနိုင်ဟူသော အချက်ကိုတိကျစွာ အမိန့်ထုတ်ပေးထားရမည်။

(ဃ) လိုအပ်သည့်အခါတိုင်းအသင့်အဆင့်များကို တိုက်ပွဲအခြေအနေနှင့်ကိုက်ညီစွာသတ်မှတ်ပေးရမည်။

(င) ဖောက်ခွဲမိန့်ပေးရမည်။

Captain Seagull

(ဃ) ဖိလွှတ်အား (PRESSURE RELEASE)။

(င) လျှပ်စစ်အား (ELECTRICAL)။

(စ) ချိန်ကိုက်ခလုတ် (TIMER RUNDOWN)။

သမားရိုးကျ အောက်ပါအမျိုးမျိုးကိုလည်း ခေတ်မီတိုးတက်သောနည်းပညာများဖြင့် အမျိုးမျိုးကို အသုံးပြုလျှက်ရှိပါသည်-

(က) တုန်ခါအား (VIBRATION)။

(ခ) သံလိုက်အား (MAGENETIC FIELD)။

(ဂ) လျှပ်စစ်လှိုင်းအား (ELECTRICAL WAVES)။

(ဃ) အသံလှိုင်းအား (SOUND WAVES)။

မိုင်းခလုတ်များ (SWITCHCS)

(က) စက်ကရိယာနည်း (MECHANICL)။

(ခ) ဓာတုဗေဒနည်း (CHEMICAL)။

(ဂ) ပွတ်တိုက်နည်း (FRICTIOR)။

(ဃ) လျှပ်စစ်နည်း (ELECTRICAL)။

**မိုင်းအမျိုးအစားများ** (TYPE OF MINE)

(က) စစ်ဆင်ရေးမိုင်း(SERVICE MINES)။

(၁) တင့်ဖျက်မိုင်း (ANTI- TANK MINES)။

(၂) လူသတ်မိုင်း (ANTI-PRESONAL MINES)။

(ကက) ရှပ်ကွဲမိုင်း ( BLAST MINES)။

( ခခ ) အစထွက်မိုင်း ( FRAGMEN ATION )။

(၃) မိုင်းတု (PHONE MINES )။

(၄) လေ့ကျင့်ရေးမိုင်း( TRAINING MINES )။

(ကက) အသက်ရှိမိုင်း (PARACTICE MINES )။

( ခခ ) သက်မဲ့မိုင်း (INERT MINES)။

( ဂဂ ) သရုပ်ပြမိုင်း ( DRILL MINES )။

(၅) ရရာပစ္စည်းဖြင့် ပြုလုပ်သောမိုင်း ( IMPROVISED MINES )။

Captain Seagull

၈။ **မိုင်းများကိုကိုင်တွယ်နည်း။** (HANDLING MINES )။

(က) လုံခြုံမှု ( SAFETY DEVIECES)။

(ခ) စနက်တပ်ခြင်း ( FUZING )။

(ဂ) အသက်သွင်းခြင်း (ARMING)။

(ဃ) သက်မဲ့ဖြစ်စေခြင်း (SAFING)။

(င) နေရာတွင်ဖျက်ဆီးခြင်း(NEUTRALIZING)။

**မိုင်းမြှုပ်နည်းများ**

၉။ မိုင်းများကို သတ်မှတ်ထားသည့်ပုံစံအရသော်လည်းကောင်း၊ ပုံစံမဲ့ ဖြန့်ကြဲခင်းခြင်းအရသော်လည်းကောင်း မြှုပ်နိုင်သည်။ မည်သို့ပင်မြှုပ်စေကာမူ မိုင်းတစ်ခုနှင့်တစ်ခုမှာ လူ၊ ရှိကွဲနိုင်သည့်သယ်ဆောင်လူများအတွက် ခြေလှမ်း(၆)လှမ်း (သို့မဟုတ်) (၁၈)ပေမျှ ခြားထားရမည်။

၁၀။ သာမန်အားဖြင့် မြေပျော့များတွင် မြှုပ်နှံရာ၌ အလွယ်ဆုံးနည်းမှာ-

(က) ထက်ဝက်ဖြတ်မြှုပ်ခြင်း။

(ခ) ဖျားလိပ်သဏ္ဍာန်မြှုပ်ခြင်း။

(ဂ) ကြက်ခြေခတ်မြှုပ်ခြင်း။

**တပ်မတော်သုံးမိုင်းများ**

၁၀။ ကာကွယ်ရေးပစ္စည်းစက်ရုံမှ လူသတ်မိုင်းများမထုတ်လုပ်မီ ကြားကာလတွင် ပြည်တွင်းသောင်းကျန်းသူများအား အထူးသဖြင့် ကချင်ပြည်နယ်၊ ပဲခူးရိုးမစစ်ဆင်ရေး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းစစ်ဆင်ရေးများတွင် အင်ဂျင်နီယာတပ်ဖွဲ့အစီအစဉ်ဖြင့် တပ်မတော်သုံးထောင်ချောက်ခလုတ်များထုတ်လုပ်သော လူသတ်မိုင်းအား အသုံးပြုခဲ့ကြသည်-

(က) **အင်ဂျင်နီယာတပ်ဖွဲ့မှ တီထွင်ပြုလုပ်ခဲ့သောမိုင်းများ**

(၁) သာနိုးမိုင်း (လူသတ်နင်းမိုင်း)။

(၂) အစိတ်(၆၀)တိုက်မိုင်း။

(၃) ရှေ့ထွက်မိုင်း။

(၄) ဆပ်ပြာခွက်ပုံသဏ္ဍာန်နင်းမိုင်း။

(ခ) **ကာကွယ်ရေးပစ္စည်းစက်ရုံမှ ထုတ်လုပ်ခဲ့သောမိုင်းများ**

(၁) အမှတ် (၁) လူသတ်မိုင်း။

(၂) ပခန(၁) လူသတ်မိုင်း။

(၃) အယ်လ်တီအမ် (၇၃)လူသတ်မိုင်း။

(၄) အယ်လ်တီအမ် (၇၄)ခုန်မျိုကွဲမိုင်း။

(၅) အယ်လ်တီအမ် (၇၆)လူသတ်မိုင်း။

(၆) ရှေ့ထွက်မိုင်း။

(၇) ပလပ်စတစ်နင်းမိုင်း။

(၈) တင့်ဖျက်မိုင်း။

**သောင်းကျန်းသူတို့၏ မိုင်းနှင့်ထောင်ချောက်များ**

၁၁။ ရန်သူမှမိမိတပ်များအား မိုင်းဖြင့်စနစ်တကျတိုက်ခိုက်ရာ၌ အလွန်သိုသိပ်ကျစ်လျစ်စွာ သတင်းရယူပြီး စီမံတိုက်ခိုက်ခြင်းဖြစ်သည်။ အားလုံးသောမိုင်းတိုက်ပွဲများသည် အနိုင်တိုက်ပွဲများဖြစ်ပြီး အလစ်အငိုက်နှင့် လှည့်စားဆောင်ရွက်ချက်များသာဖြစ်သည်။ မိုင်းတိုက်ပွဲနှင့်ပတ်သက်၍ သောင်းကျန်းသူများကျင့်သုံးနေသည့် စစ်နည်းဗျူဟာများမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အဝေးနေရာ၊ အနီးနေရာတို့မှ သေနတ်သံပေးပြီး အလောတကြီးထွက်တိုက်သော မိမိတပ်အား မိုင်းထောင်ရာသို့ မြူခေါ်တိုက်ခိုက်ခြင်း။

(ခ) မိမိတပ်များ သွားလာအသုံးပြုနေသောလမ်းများတွင် မိုင်းထောင်တိုက်ခိုက်ခြင်း။

(ဂ) အများပြည်သူသုံး မီးရထားလမ်း၊ ကားလမ်းစသည့် ဆက်သွယ်ရေးလမ်းမကြီးတို့တွင် မိုင်းထောင်၍ တိုက်ခိုက်ခြင်း။

(ဃ) ချုံခိုတိုက်ပွဲများတွင် မိုင်း/ဗုံးများ ထည့်သွင်းသုံးခြင်း။

(င) မိမိတပ်များ ချီတက်စဉ်၊ ရပ်နားစဉ်၊ စခန်းချစဉ်တွင် ပထဝီအငိုက်၊ လူအငိုက်၊ အချိန်အငိုက်ကိုယူ၍ မိုင်းထောင်တိုက်ခိုက်ခြင်း။

(စ) ခြေရာ၊ လက်ရာ၊ ပစ္စည်းအစအန၊ ဓါတ်ပုံစသည့်တို့နှင့် ကြိုက်ကွက်၊ မြင်ကွက်၊ ငါးစာချပေးပြီး မိုင်းထောင် တိုက်ခိုက်ခြင်း။

(ဆ) တံတားဖောက်ခွဲသံပေး၍ မိမိတပ်အားမြူဆွယ်တိုက်ခိုက်ခြင်း။

(ဇ) မိုင်းကွင်းဖြင့် မိမိတပ်များ ထိခိုက်ဒဏ်ရာရကျဆုံးစေပြီး ၎င်းတို့အတွက် အချက်ပေးသံဖြစ်စေခြင်း။

၁၂။ **သောင်းကျန်းသူသုံးမိုင်းများ**

(က) ပလပ်စတစ်လူသတ်မိုင်း။

(ခ) အစိတ်(၆၀) အစထွက်မိုင်း။

(ဂ) အမ် - ၁၄ နင်းမိုင်း။

(ဃ) ကရင်သောင်းကျန်းသူအစထွက်မိုင်း။

**ကရင်သောင်းကျန်းသူ/ ထောင်ချောက်မိုင်းအားဖော်ယူနည်း**

၁၃။ ၎င်းမိုင်း/ ထောင်ချောက်မျိုးကိုတွေ့ရှိပါက မိုင်း/ထောင်ချောက်၏ (၃)ပိုင်းခွဲထားသော (က) အပိုင်း ခလုတ်ကို သစ်သား၊ ပလပ်စတစ်၊ ဗိုင်ဘာ၊ ရာဘာတုံးတစ်ခုခုနှင့် ခလုတ်၏ လျှပ်ကူးမှု ထိစပ်မှုမဖြစ်အောင် အတားအဆီးတစ်ခုခု ပြုလုပ်ထားပါ။ ထို့နောက်တစ်ဆင့် (ခ)အပိုင်း ဓါတ်အားလိုင်းနှင့် (ဂ)အပိုင်း မိုင်းကိုယ်ထည်တို့ရှိ စနက်တံနှင့် ဆက်သွယ်ထားသော ဝါယာကြိုးကိုဖြုတ်ပါ။ (သို့မဟုတ်) ဖြတ်တောက်ပစ်ပါ။ ဤနည်းအတိုင်း ဖော်ယူရှင်းလင်းနိုင်သည်။

**စစ်မြေပြင်တွင် သောင်းကျန်းသူမိုင်းများ၏ သတင်းကိုပေးနိုင်သူများ**

၁၄။ စစ်မြေပြင်တွင်သောင်းကျန်းသူမိုင်းများ၏ သတင်းကိုပေးနိုင်သူများမှာ အောက်ပါအတိုင်းဖြစ်ပြီး ၎င်းတို့အား မေးမြန်းစုံစမ်းခြင်းဖြင့် သိရှိနိုင်ပါသည်-

(က) ကားမောင်းသမားများ။

(ခ) လှည်းသမားများ။

(ဂ) ရွာသူ ရွာသားများ။

(ဃ) အဖော်ရာ ရသူများ။

(င) မိမိတပ်ဘက်မည့်တပ်များ။

(စ) သုံ့ပန်းများ။

**သောင်းကျန်းသူများ၏ မိုင်းထောင်တတ်သည့်နေရာများ**

၁၅။ ရန်သူသည် ဒေသအလိုက် အခြေအနေဝန်းကျင်နိုင်မှုအပေါ်မူတည်၍နယ်မြေမရွေး၊ အချိန်ကာလမရွေး မိုင်းထောင် တိုက်ခိုက်နိုင်သည်ကိုတွေ့ရသည်။ ၎င်းတို့နယ်မြေအတွင်း ဆက်သွယ်ရေးလမ်းများတွင်လည်းကောင်း၊ မိမိနယ်မြေအတွင်း ဆက်သွယ်ရေးလမ်းများနှင့် မိမိတပ်/စခန်း ဝန်းကျင်များတွင်လည်းကောင်းမိုင်းထောင်တတ်ကြ ရန်သူမှ မိုင်းထောင်တတ်သောနေရာများမှာ ယေဘုယျအားဖြင့်-

(က) လမ်းကျဉ်းနေရာများ။

(ခ) အသုံးပြုရန်တစ်ခုတည်းသောလမ်း။

(ဂ) မိမိအစိက ဆက်သွယ်ရေးလမ်းကြောင်းများ။

(ဃ) ချုံခိုတိုက်ခိုက်ရန် သင့်လျော်သောနေရာများ။

(င) လမ်းပုခုံးများ။

(စ) ဝင်ပေါက် / ထွက်ပေါက်များ။

သဘာဝဘေးအဆီးများနှင့် သဘာဝဘေးအဆီးများ။

(ဆ) လမ်းဆုံ၊ လူလုပ်အတားအဆီးများနှင့် သဘာဝဘေးအဆီးများ။ လမ်းဆုံ၊ လူလုပ်အတားအဆီးများ၊ ရှုခင်းကောင်းသောနေရာ၊ ရိုး၊ လယ်ဖြတ်၊ လမ်းဆုံများ။

(ဇ) မြစ်ကူး၊ ချောင်းကူး၊ လျှို၊ လူနားခိုရန်ကောင်းသောနေရာ၊ ရိုး၊ လယ်ဖြတ်၊ လမ်းဆုံများ။

(ဈ) ရေထွက်ပေါက်၊ ရေတွင်း၊ ရေကန်၊ ရေမြောင်းနေရာများ။

(ည) အရိပ်အာဝါသရှိသောနေရာများ။

(ဋ) ခိုနားရန်ကောင်းသောနေရာများ။

(ဌ) နေရာယူရန်သင့်လျော်သောနေရာများ။

(ဍ) ချီတက်ရာလမ်းကြောင်း၊ စုရပ်၊ စီရပ်၊ စချိန်၊ တိုက်ပွဲနေရာနှင့် ပြန်လည်စုဖွဲ့မည့်နေရာများ။

(ဎ) ရန်သူမှ မိမိတပ်အားရှုတ်ရန် ပစ္စည်း၊ လက်နက်၊ ခဲယမ်း၊ ဓာတ်ပုံ၊ ပစ္စည်းအတောင်း၊ အသစ်အဆန်း ပြထားသည့်နေရာများ။

၁၆။ **သောင်းကျန်းသူမိုင်းများတွင် လိုက်နာရမည့်အချက်များ**

(က) အုပ်ချုပ်သူသည် ကွပ်ကဲမှုကိုလစ်လျူရှုမထားဘဲ အနီးကပ်ကြီးကြပ်ကွပ်ကဲရမည်။

(ခ) မိုင်းပေါက်ကွဲ၍ ထိခိုက်မှုရှိပါက အရမ်းပြေးမဝင်ပါနှင့်။

(ဂ) မိုင်းစည်းကမ်းများကို တိတိကျကျလိုက်နာဆောင်ရွက်ပါ။

(ဃ) သောင်းကျန်းသူမိုင်းများသည် အမြဲတမ်းပြောင်းလဲမှုရှိသဖြင့် အစဉ်သတိရှိကြရမည်။

(င) လွယ်ကူသောနေရာများတွင် မရှိဟုယူဆ၍ ပေါ့ပေါ့ဆဆမလုပ်နှင့်၊ မထင်သော်လည်း ရှိတတ်သည်။

(စ) မိုင်းတွေ့ရှိပါက အုပ်ချုပ်သူထံအမြန်ဆုံးသတင်းပို့ပါ။

**တန်ပြန်မိုင်းစစ်ဆင်ရေး**

၁၇။ ပြည်တွင်းသောင်းကျန်းမှုစစ်ဆင်ရေးဖြစ်စဉ်များမှာ ရန်သူ၏ မိုင်းစစ်ဆင်ရေးဖြစ်စဉ်နည်းဗျူဟာများအပေါ် သုံးသပ်၍မိမိတပ်မှ တန်ပြန်မိုင်းစစ်ဆင်ရေးများပြုလုပ်သွားရမည်။

**မိုင်းရှင်းလင်းခြင်း**

၁၈။ အောက်ပါအခြေခံစည်းကမ်းနှင့် ကြိုတင်ကာကွယ်မှုများကို အမြဲလိုက်နာကြရမည်-

(က) မိုင်းကွင်း (သို့မဟုတ်) မိုင်းကွင်းဟု သံသယရှိသည့်နေရာများတွင် ပြေးလွှားခြင်း မပြုရ၊

(ခ) မိုင်းရှိသည့်နေရာများတွင် မိမိရည်မှန်းချက်တာဝန်အရ လိုအပ်သောထောက်လှမ်းမှု စစ်ဆေးခြင်းများသာ ပြုလုပ်ရန်။

(ဂ) မိုင်းများအားလုံးကို ထောင်ချောက်များတပ်ဆင်ထားသည်ဟုယူဆရန်။

(ဃ) လျှို့ဝှက်စွာပြုလုပ်ရန်အတွက်လည်းကောင်း၊ ထောက်လှမ်းရန်အတွက်နှင့် အနီးပတ်ဝန်းကျင် ပျက်စီး သွားသည့်ဘေးမှကာကွယ်ရန်အတွက် လိုအပ်သည့်အခါများတွင်သာ မိုင်းများကိုလက်ဖြင့် ဖော်ယူရန်။

(င) မိုင်းများနှင့် စနက်တံအားလုံးကို အမျိုးအစားကိုင်တွယ်ရန်။

(စ) သက်မဲ့ပြုလုပ်ရသေးသော ရန်သူ့မိုင်းနှင့် ထောင်ချောက်များကိုမှတ်သား၍ ဖျက်ဆီးအစီရင်ခံရန်။

**မိုင်းရှာဖွေခြင်း**

၁၉။ မိုင်းများကိုအောက်ပါနည်းအတိုင်း ရှာဖွေရမည်-

(က) မျက်စိဖြင့် ရှာဖွေခြင်း (SEARCHIG WITH EYES)။

(ခ) စူးဖြင့်ရှာဖွေခြင်း (PROBING)။

(ဂ) လျှပ်စစ်နည်းဖြင့်ရှာဖွေနည်း (ELECTRICAL DETECTION)။

(ဃ) ခွေးဖြင့်ရှာဖွေနည်း (DETECTION WITH DOGS)။

**မိုင်းဖယ်ရှားခြင်း**

၂၀။ မိုင်းများကိုဖယ်ရှားနည်းများမှာ-

(က) ယမ်းဘီးလူးဖြင့်ဖယ်ရှားခြင်း (DETONATION IN PLACE )။

(ခ) ကြိုးဖြင့်ဖယ်ရှားခြင်း (REMOVEL BY ROPE 0R WIRE )။

(ဂ) လက်ဖြင့်သက်မဲ့ပြုလုပ်ဖယ်ရှားခြင်း (HAND NEUTRALIZATION )။

(ဃ) စက်ကရိယာဖြင့်ဖယ်ရှားခြင်း (REMOVAL BY MECHINE )။

(င) အခြားနည်းဖြင့်ဖယ်ရှားခြင်း (IMPROVISED)။

**စစ်သည်တိုင်းလိုက်နာဆောင်ရွက်ရမည့် အချက်များ**

၂၁။ စစ်သည်တိုင်း အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကင်းရှင်းစွာဖြင့် ရန်သူ့မိုင်းအား ဖော်ထုတ်ရှင်းလင်းနိုင်မည်-

(က) မိုင်းသတိစိတ် အမြဲထားပါ။ ပေါ့ပေါ့လျှော့လျှော့လုပ်ရှားမိုတက်ခြင်း ဘယ်တော့မှ မလုပ်မိစေနှင့်

(ခ) မျက်စေ့ရှင်ရှင်ထား၍သွားပါ။ မျက်စေ့နှင့်မြင်အောင်ကြည့်၊ တွေ့အောင်ရှာပါ။

(ဂ) ခြေလုံ လက်လုံရှိပါစေ။

(ဃ) သဘာဝပစ္စည်း၊ လူလုပ်ပစ္စည်း၊ မရှိသင့်သည့်နေရာ၌ရှိနေလျှင်စူးစမ်းပါ။

(င) နေ့စဉ်မိမိနယ်မြေအတွင်း လုပ်နေကြ၊ ကိုင်နေကြ၊ သွားနေ လာနေကြဆိုပြီး မပေါ့ပါနှင့်

ရှာဖွေကြည့်ရှုပြီးမှသွားပါ။

(စ) ခြေရာတွေ့တိုင်းလည်း လိုက်မနင်းနှင့်၊ ရန်သူမှ ခြေရာပြ၍ လှည့်စားပြီး မိုင်းထောင်တတ်သည်

(ဆ) မသင်္ကာလျှင် မိုင်းရှာ၊ မိုင်းရှင်းပြီးမှ သွားပါ။

(ဇ) တိုက်ကြိုးကို ပစ္စည်း၊ သစ်ကိုင်းခြောက်၊ လက်စွဲ့တွေ့အောင်ရှာပါ။

(၃) " တိုက်ကင်းထွက်ရာ ဆင်ခြင်ပါ လမ်းမှာမိုင်းရှိမည် "။

(၄) " ရေဆိပ်အဆင်း ဆင်ခြင်းကင်း မိုင်းနင်းမိတတ်သည် "။

( ခ) **စူးစမ်း**

(၁) " စူးထိုးမိုင်းရှာ လေ့ကျင့်ပါ ရန်ကွာဝေးလိမ့်မည် "။

(၂) " ရန်သူ့၏မိုင်း ရှာဖွေတိုင်း ဓါးကိုင်း တုတ်ရှည်သုံး "။

(၃) " မိုင်းကိုတွေ့သော် ရအောင်ဖော် မဖော်နိုင်က မှတ်သားကြ "။

(၄) " အသစ်ဆန်းမိုင်း တွေ့လေတိုင်း မဆိုင်းသတင်းပို့ "

(၅) " ညတိုင်း ညစဉ်မိုင်းစစ်ဆင် တွေ့ မြင်ရှာရ တာရင်းပြ "။

(၆) " ကိုယ်မိုင်းကွင်းပင် မှတ်တမ်းတင် လွှဲလျှင် စနစ်ကျ "။

( ဂ) **စစ်ခွေးကိုသုံး**

(၁) " မိုင်းဘေးလွတ်အောင် ခွေးကိုဆောင် စစ်အောင်မြင်လိမ့်မည် "။

(၂) " လေ့ကျင့်သင်ပေး တို့စစ်ခွေး ရှာပေး မိုင်းမျိုးစုံ "။

(၃) " စစ်ခွေး လိမ္မာ မိုင်းကိုရှာ ကင်းကွာ မိုင်းအန္တရာယ် "။

(ဃ) **တန်ပြန်မိုင်းစစ်ဆင်**

(၁) " တန်ပြန်မိုင်းထောင် ကြံ့ပြုမ်းအောင် လုပ်ဆောင် နေ့ နဲ့ ည "။

(၂) " မိုင်းနှင့် မိုင်းသာ တို့ ပြန်က ဉာဏ်သာ ပဓာန "။

(၃) " မိုင်းနည်းဗျူဟာ ဉာဏ်ကိုလွှာ သုံးပါ ရဲဘော်တို့ "။

Captain Seagull

( င) **ပြည်သူကိုစည်းရုံး**

(၁) " မိမိသတင်း သူနားပင်း အလျဉ်း မရစေနှင့် "။

(၂) " ရန်သူ့သတင်း လှုပ်ရှားခြင်း ချက်ခြင်းရယူ မိုင်းနှင့်မြှု "။

(၃) " ပြည်သူအားလုံး တို့စည်းရုံး ကျင့်သုံး မိုင်းတိုက်ပွဲ "။

(၄) " ပြည်သူအတွင်း စည်းရုံးဆင်း မိုင်းကွင်းလွတ်လိမ့်မည် "။

**မိုင်းကွင်းခင်းကျင်းခြင်း**

၂၄။ **မိုင်းကွင်း (MINE FIELD)။** မိုင်းကွင်းဆိုသည်မှာ မြေနေရာတစ်ခုအား စစ်ဆင်ရေး မိုင်းများဖြင့် စ်ကျသော်လည်းကောင်း၊ ပုံစံမဲ့သော်လည်းကောင်း၊ ပြန့်ကျဲသော်လည်းကောင်း ခင်းကျင်းထားသည့်နေရာဖြစ်သည်။

၂၅။ မိုင်းကွင်းခင်းကျင်းရသည့် ရည်ရွယ်ချက်နှင့် အသုံးချမှုအပေါ်မူတည်၍ မိုင်းခင်းကျင်းနည်းစနစ်များအား အောက်ပါအတိုင်း (၃)မျိုးခွဲခြားထားသည်-

(က) ပုံစံကျမိုင်းကွင်း။

(ခ) ပုံစံမဲ့မိုင်းကွင်း။

(ဂ) စနစ်သစ်မိုင်းကွင်း။

၂၆။ **ပုံစံမဲ့မိုင်းကွင်း (ပုံစံမဲ့မိုင်းခင်းနည်း)**




Captain Seagull

၂၇။ **စနစ်သစ်မိုင်းခင်းနည်း**



၄၂။ ပုံစံကျမိုင်းကွင်းတစ်ခု၏ မိုင်းကွင်းသိပ်သည်းမှု (တင့် : စ : ရှပ် )သည် (၁း ၃း ၆ )ဖြစ်ပြီး မိုင်းတန်းစုံများ၏ ပျမ်းမျှအလျားမှာ ၁၂၀၀ ကိုက်ဖြစ်ခဲ့လျှင်အဆင့်ဆင့်တွက်ချက်၍-

(က) မိုင်းကုန်ကျမှု စုစုပေါင်းဖော်ပြပေးပါ။

(ခ) မိုင်းတန်းစုံအလိုက် မိုင်းသက်မှတ်ချထားမှု ဖော်ပြပေးပါ။

(ဂ) မိုင်းကွင်းထု (ကိုက်) ကိုရှာပါ။

မိုင်းကွင်းသိပ်သည်းမှု (တင့် : စ : ရှပ်)

=(၁း ၃ း ၆ )

မိုင်းကွင်းအလျား =၁၂၀၀ ကိုက်

**မိုင်းတန်းစုံရှိမိုင်းများရှာဖွေခြင်း**

တင့်ဖျက်မိုင်း = တင့်သိပ်သည်းမှု × မိုင်းကွင်းအလျား

= ၁ × ၁၂၀၀

= ၁၂၀၀ လုံး

အစထွက်မိုင်း = ၃ × ၁၂၀၀

= ၃၆၀၀ လုံး

ရှပ်ကွဲမိုင်း = ၆× ၁၂၀၀

= ၇၂၀၀ လုံး

I.O.E ရှိ မိုင်းများရှာဖွေခြင်း

I.O.E ရှိ မိုင်းစု = ၁/၃ M.S ရှိမိုင်းစု

= ၁/၃ × မိုင်းကွင်းအလျား/၃

= ၁/၃ × ၁၂၀၀/၃

= ၁/၃ × ၄၀၀

=၁၃၃.၃ ≈ ၁၃၃ စု

I.O.E ရှိ မိုင်းစုတွင် (တင့် : စ : ရှပ် )ကို (၁း ၁း ၂ )ဟုယူဆသော်-

I.O.E ရှိ တင့်ဖျက်မိုင်း = I.O.E မိုင်းစုရှိတင့်အရေး × I.O.E ရှိမိုင်းစု

=၁×၁၃၃

=၁၃၃ လုံး

အစထွက်မိုင်း =၁ ×၁၃၃ =၁၃၃ လုံး

ရှပ်ကွဲမိုင်း =၂ ×၁၃၃ =၂၆၆ လုံး

Captain Seagull

(က) မိုင်းကုန်ကျမှုစုစုပေါင်း ဇယားရေးဆွဲခြင်း

| စဉ် | အမျိုးအမည် | တင့် | စ | ရှ်် | မှတ်ချက် |
|---|---|---|---|---|---|
| ၁. | I.O.E ရှိမိုင်း | ၁၃၃ | ၁၃၃ | ၂၆၆ | ၁း ၁း ၂ |
| ၂. | M.S ရှိမိုင်း | ၁၂၀၀ | ၃၆၀၀ | ၄၈၀၀ | ၁း ၃း ၆ |
| ၃. | ပေါင်း | ၁၃၃၃ | ၃၇၃၃ | ၅၀၆၆ | |
| ၄. | ၁၀% | ၁၃၃ | ၃၇၃ | ၅၀၇ | |
| ၅. | စုစုပေါင်း | ၁၄၆၆ | ၄၁၀၆ | ၅၅၇၂ | |

**မိုင်းတန်းစုံ (M.S )အရေအတွက်ရှာဖွေခြင်း**

မိုင်းတန်းစုံ = $\frac{၃}{၄}$ (မိုင်းသိပ်သည်းမှုပေါင်း)

= $\frac{၃}{၄}$ (၁+၃+၆)

= $\frac{၃}{၄}$×၁၀=၇.၅ ရုံ

မိုင်းတန်းစုံ = ၃ × တင့်သိပ်သည်းမှု

= ၃×၁ = ၃ စုံ

M.S အရေအတွက် ၈ စုံဖြစ်ပါသည်။

M.S ရှိမိုင်းစု = $\frac{\text{မိုင်းကွင်းအလျား}}{၃}$

= $\frac{၁၂၀၀}{၃}$

= ၄၀၀ စုံ

(ခ) မိုင်းတန်းစုံအလိုက်မိုင်းအသက်မှတ်ချထားမှုဇယားရေးဆွဲခြင်း

| စဉ် | အမျိုးအမည် | တင့် | ဓ | ရှိပ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | I.0.Eမွိုင်း | ၃၃၃ | ၃၃၃ | ၂၆၆ | ၁း၁း၂ |
| ၂ | MS(1) | ၄၀၀ | ၄၀၀ | ၈၀၀ | ၁း၁း၂ |
| ၃ | MS(2) | ၄၀၀ | ၄၀၀ | ၈၀၀ | ၁း၁း၂ |
| ၄ | MS(3) | ၄၀၀ | ၄၀၀ | ၈၀၀ | ၁း၁း၂ |
| ၅ | MS(4) | | ၄၀၀ | ၁၂၀၀ | ၁း၃ |
| ၆ | MS(5) | | ၄၀၀ | ၁၂၀၀ | ၁း၃ |
| ၇ | MS(6) | | ၄၀၀ | ၁၂၀၀ | ၁း၃ |
| ၈ | MS(7) | | ၄၀၀ | ၄၀၀ | ၁း၁ |
| ၉ | MS(8) | | ၈၀၀ | ၈၀၀ | ၂း၂ |
| ၁၀ | ပေါင်း | ၁၅၃၃ | ၃၉၃၃ | ၇၄၆၆ | |

Captain Seagull

(ဂ) မိုင်းကွင်းထုရှာဖွေခြင်း

မိုင်းကွင်းထု(ကိုက်) = (၁ + မိုင်းတန်းစုံ) ၁၈"

= (၁ + ၈ )၁၈"

= ၁၆၂ ကိုက်

၃၃။ **အင်ဂျင်နီယာတာဝန်။** တပ်မှူးအား ပညာဘက်ဆိုင်ရာ အကြံဉာဏ်ပေးရသူဖြစ်သည်။ တပ်မှူးအနေဖြင့် မိုင်းကွင်းတစ်ခုခင်းရန် ဆုံးဖြတ်လိုက်သောအခါ တပ်မအင်ဂျင်နီယာအနေဖြင့် မည်သည့် မိုင်းကွင်းအမျိုးအစားသည် အထိရောက်ဆုံးဖြစ်အောင် အကြံဉာဏ်ပြုရသည်။ အောက်ပါတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

(က) အကြောင်းအချက်များ စုဆောင်းပြင်ဆင်ခြင်း။

(ခ) မြေအနေအထားသုံးသပ်ခြင်း။

(ဂ) မိုင်းကွင်းစီမံချက်။

(ဃ) ပညာဘက်ဆိုင်ရာ ကွပ်ကဲခြင်း။

(င) သတင်းပို့ခြင်းနှင့် မှတ်တမ်းတင်ခြင်း။

(စ) အင်ဂျင်နီယာပညာသည်များ။

(ဆ) **အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း**

(၁) အရပ်ဘက်အစိုးရအဖွဲ့ ။

(၂) စစ်လက်နက်အဖွဲ့။

(၃) ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်မှုများ။

(ဇ) **အထူးကွပ်ကဲရန်အဖွဲ့များ**

(၁) မိုင်းများထုတ်ပေးခြင်း။

(၂) မိုင်းများအသုံးပြုမှုစိစစ်ခြင်း။

(၃) မိုင်းများအသုံးပြုမှုတည်မြဲအမိန့်။

၃၄။ မိုင်းကွင်း ကိုက်(၁၀၀) အတွက် လိုအပ်မည့်မိုင်းဦးရေနှင့် အလေးချိန်ဇယား

| စဉ် | မိုင်းကွင်းအမျိုးအစား | သိပ်သည်းမှု | လိုအပ်မည့်မိုင်း | | | စုစုပေါင်း | အလေးချိန်(တန်) (သေတ္တာပါ) | မြှစ်ညည်းနိုး (တန်) | စုစုပေါင်းအလေးချိန် (တန်) | ၃-တန်ယာဉ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | တင့်ဖျက် | လူသတ်မိုင်း | | | | | | |
| | | | | အစထွက် | ရှပ်ကွဲ | | | | | |
| ၁ | ခံစစ် | ၁း ၂း ၄ | ၁၂၂ | ၂၄၄ | ၄၆၄ | ၈၃၀ | ၄.၃ | ၀.၁၈ | ၄.၄၈ | ၂- စီး |
| ၂ | ခံစစ် | ၁း ၄း ၈ | ၁၂၂ | ၄၈၈ | ၉၇၆ | ၁၅၈၆ | ၅.၇ | ၀.၂၅ | ၅.၉၅ | ၂- စီး |
| ၃ | ခံစစ် | ၂း ၄း ၈ | ၂၄၄ | ၄၈၈ | ၉၇၆ | ၁၇၀၀ | ၈.၆ | ၀.၂၇ | ၈.၈၇ | ၃- စီး |
| ၄ | အနှောင့်အယှက် | ၃း ၄း ၈ | ၃၆၆ | ၄၈၈ | ၉၇၆ | ၁၈၃၀ | ၁၀.၄ | - | ၁၀.၄ | ၄- စီး |
| ၅ | အကာအကွယ် | မသတ်မှတ်ထား | ၂၀ | ၂၀ | - | ၄၀ | ၁.၅ | - | ၁.၅ | ၁- စီး |



Captain Seagull

**ရှင်းလင်းချက်။** ဇယားကို အောက်ပါအချက်များပေါ်မူတည်၍တွက်ချက်ထားပါသည်-

(က) စုစုပေါင်းမိုင်းအရေအတွက်နှင့် အနားမညီ မိုင်းတန်းစုံတွင်ရှိသောမိုင်းများနှင့် (၁၀%) အပါအဝင်ဖြစ်သည်။

(ခ) အနားမညီ မိုင်းတန်းစုံမှ မိုင်းစု၏ မိုင်းအရေအတွက်မှာ ၁း ၁း ၂ ဖြစ်သည်။ (၄ လုံးထက် ပိုမတွက် ရပါ။)

(ဂ) မိုင်းအလေးချိန်မှာ လက်ရှိတပ်မတော်သုံး မိုင်းအမျိုးအစားဖြစ်သည်။

၃၅။ မိုင်းကွင်းချထားခြင်းအတွက် လိုအပ်သည့်လုပ်အားနှင့် အချိန်နာရီ (မိုင်း အလုံး-၁၀၀၀ အတွက်)

| စဉ် | မိုင်းချအဖွဲ့လုပ်အား | နေ့ | လရှိည | လမိုက်ည | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အင်ဂျင်နီယာတပ်စု (က) | ၈ | ၁၂ | ၁၆ | (က) အနည်းဆုံး ၃၆ယောက်။ |
| ၂ | ခြေလျင်တပ်စု (ခ) | ၁၆ | ၂၄ | ၃၂ | (ခ) လေ့ကျင့်ပြီးသား အနည်းဆုံး ၂၁ယောက်။ |
| ၃ | အင်ဂျင်နီယာတပ်စုတစ်စုနှင့် ခြေလျင်တပ်စုတစ်စု ပူးပေါင်း | ၇ | ၁၀ | ၁၃ | |

**ရှင်းလင်းချက်။** (၁) ထောင်ချောက်များထည့်ပါက အချိန်ကို ၅၀ ရာခိုင်နှုန်း တိုးပါ။

(၂) အထက်ပါကိန်းဂဏန်းများတွင် မိုင်းချခြင်း၊ ခြံခတ်ခြင်း၊ မှတ်တမ်းများရေးသွင်းခြင်း အားလုံးပါဝင်သည်။

## မိုင်းအမျိုးအစားအလိုက် အင်္ဂါရပ်များနှင့် စွမ်းရည်များ

| စဉ် | မိုင်းအမျိုးအစား | အတိုင်းအတာ | ပါဝင်သောယမ်းနှင့်အလေးချိန် | စုစုပေါင်းအလေးချိန် | ထိုးစေသောအလေးချိန် | ထိခိုက်မှု | |
|---|---|---|---|---|---|---|---|
| | | | | | | သေကြေ | ဒဏ်ရာရ |
| ၁ | ပလတ်စတစ်နင်းမိုင်း(အသေး) | Ø2.2"x1.65" | HEXOGEN-33g | 95g | ဖိနင်းအား 20/30lb | - | နင်းမိသူ |
| ၂ | ပလတ်စတစ်နင်းမိုင်း(အကြီး) | Ø4.3"x2.36" | PENTOPLUS-150g | 650g | ဖိနင်းအား 10/30lb | နင်းမိသူ | 5mအတွင်း |
| ၃ | အစေ့ထွက်(ဆိုက်/ဆွဲ)မိုင်း | Ø2.1"x5.4" | PENTOPLUS-70g | 1.37kg | ဆိုက်ဆွဲအား 3/5lb | 10mအတွင်း | 25mအတွင်း |
| ၄ | ရှေ့ထွက်မိုင်း | 8.5"x4"x6" | PENTOPLUS-820g | 1.6kg | - | 100mအတွင်း | 250mအတွင်း |
| ၅ | ပလတ်စတစ်တင့်ချက်မိုင်း | Ø8.66"x3.66" | COMPOSITION-b 1.8Kg | 3kg | ဖိနင်းအား 330/370lb | - | - |
| ၆ | M.14နင်းမိုင်း | Ø2.1"x1.5" | TATRYL 1oz | 9oz | ဖိနင်းအား 20/35lb | - | နင်းမိသူ |
| ၇ | M.2(A1) (ဆိုက်/ဆွဲ)မိုင်း | Ø2.4"x4" | ARMONAL 3.28g +TNT 8oz | 5lb | ဆိုက်ဆွဲအား 5/8lb | 30mအတွင်း | 40mအတွင်း |
| ၈ | M.16(A1) နင်းမိုင်း | Ø3.5"x4.6" | ARMONAL 5.28g +TNT 544g | 3.76kg | ဖိနင်းအား 8/20lb | 30mအတွင်း | 40mအတွင်း |
| ၉ | M.18(A1) ရှေ့ထွက်မိုင်း | 12"x4"x8" | TNT 1.2 kg | 3.2kg | - | 130mအတွင်း | 300mအတွင်း |

Captain Seagull